Myanmar Law Information System (MLIS)

**ကြည်းတပ်ဌာနစု**

**(ကာကွယ်ရေးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး)**

**ပြည်သူ့စစ်မှုထမ်း (ဆရာဝန်များ) နည်းဥပဒေများ**

**အမှတ် ၁၈၅/ ၆၂**

**ရန်ကုန်မြို့၊ ၁၃၂၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ။**

**(၁၉၆၂ ခု၊ နိုဝင်ဘာလ ၁၆ ရက်။)**

နိဒါန်း

အမှတ် ၁၈၅/ ၆၂။ ။ ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်း အက်ဥပဒေပုဒ်မ ၄၁ ဖြင့် အပ်နှင်း ထားသောအာဏာများကိုသုံးစွဲလျက်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

၁။ ။ (၁) ဤနည်းဥပဒေများကို၊ **ပြည်သူ့စစ်မှုထမ်း (ဆရာဝန်များ) နည်းဥပဒေများ**ဟု ခေါ်တွင်စေရ မည်။

(၂) ဤနည်းဥပဒေများသည်၊ အက်ဥပဒေပုဒ်မ ၄ အရ၊ စစ်မှုထမ်းရန် ဆင့်ခေါ်ခြင်းခံရသော၊ သို့တည်း မဟုတ် အက်ဥပဒေပုဒ်မ ၄-က အရ၊ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရန် ဆင့်ခေါ်ခြင်း ခံရသော၊ ဆရာဝန်များနှင့် သက်ဆိုင်စေရမည်။

၂။ ။ ဤနည်းဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့် ကျင်လျှင်-

(က) "အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၅၉ ခုနှစ်၊ ပြည်သူ့စစ်မှုထမ်းအက်ဥပဒေကိုဆိုလိုသည်။

(ခ) ဤနည်းဥပဒေများတွင် အဓိပ္ပါယ်ဖော်ပြခြင်းမပြုသော်လည်း၊ အက်ဥပဒေတွင်အဓိပ္ပါယ်ဖော်ပြထား ပြီးဖြစ်သော စကားလုံးနှင့်စကားရပ်များကို၊ ဤနည်းဥပဒေများ၌ အသုံးပြုလျှင်၊ ထိုစကားလုံးနှင့် စကားရပ်များ၏ အဓိပ္ပါယ်သည်၊ အက်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်ရမည်။

**ဆင့်ခေါ်ရေးအဖွဲ့**

၃။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ မိမိသင့်သည်ထင်မြင်သည့်ဒေသများအတွက်၊ သင့်သည်ထင်မြင်သည့် နေရာများတွင်၊ အက်ဥပဒေပါကိစ္စ အလို့ငှါ၊ ဆင့်ခေါ်ရေးအဖွဲ့တဖွဲ့ကို၊ သို့တည်း မဟုတ် အဖွဲ့များကို၊ အမိန့်ကြော်ငြာစာဖြင့်၊ ဖွဲ့စည်းနိုင်သည်။ ဆင့်ခေါ်ရေးအဖွဲ့တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ခန့်အပ်သော ဥက္ကဋ္ဌနှင့်အခြားအဖွဲ့ဝင်နှစ်ဦး ပါဝင်ရမည်။

၄။ ။ ဆင့်ခေါ်ရေးအဖွဲ့သည်၊ ၎င်း၏ဥက္ကဋ္ဌက သင့်သည်ဟု ထင်မြင်သည့် အချိန်နှင့်နေရာတွင် အစည်း အဝေးကျင်းပနိုင်သည်။

၅။ ။ အစည်းအဝေးသို့၊ ဆင့်ခေါ်ရေးအဖွဲ့၏ ဥက္ကဋ္ဌနှင့် အခြားအဖွဲ့ဝင်တဦးတက်ရောက်လျှင်၊ အစည်း အဝေးအထမြောက်ရမည်။

၆။ ။ ဆင့်ခေါ်ရေးအဖွဲ့မှာ၊ သက်သေထွက်ချက်ကို လက်ခံခြင်း၊ ကျမ်းသစ္စာ၊ သို့တည်းမဟုတ် ကတိသစ္စာပြုစေခြင်း၊ သက်သေများအားလာရောက်စေရန် အတင်းအကြပ်ဆင့်ခေါ်ခြင်းနှင့် စာတမ်း အမှတ် အသားများကို ဖွင့်လှစ်ထုတ်ဖော်၊

သို့တည်းမဟုတ် တင်ပြစေရန် အတင်းအကြပ်ဆင့်ဆိုခြင်း ကိစ္စများ အတွက် တရားမရုံး၏အာဏာများရှိရမည့်ပြင်၊ ဆင့်ခေါ်ရေးအဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈ဝ နှင့် ၄၈၂ တို့၏ အဓိပ္ပါယ်အရ၊ တရားမရုံးဖြစ်သည်ဟုလည်း မှတ်ယူရမည်။

## ဆေးစစ်ရန်ဆင့်ခေါ်ခြင်း

၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက ညွှန်ကြားသည့်အခါ၊ ဆင့်ခေါ်ရေးအဖွဲ့သည်၊ အက်ဥပဒေပုဒ်မ ၄ အရ၊ စစ်မှုထမ်းစေလိုသောဆရာဝန်များမှာ၊ သို့တည်းမဟုတ် အက်ဥပဒေပုဒ်မ ၄-က အရ၊ မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်စေလိုသော နိုင်ငံသားဆရာဝန်များမှာ၊ ကျန်းမာရေးအဆင့်အတန်းရှိ မရှိ စစ်ဆေးဆုံးဖြတ်ရန်၊ မည်သည့်အချိန်တွင်၊ မည်သည့်ဆေးစစ် အဖွဲ့ထံသို့ ဆေးစစ်ခံရမည်ဟု၊ ထိုဆရာဝန်များအား အမိန့်ဖြင့်၊ ဆင့်ခေါ်နိုင်သည်။ ထိုဆရာဝန်များအား ဆေးစစ်ခြင်းကို၊ ကာကွယ်ရေးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးက၊ အခါအားလျော်စွာ၊ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

## ဆေးစစ်အဖွဲ့များ

၈။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရသည်၊ မိမိသင့်သည်ထင်မြင်သည့် ဒေသများအတွက်၊ ဆေးစစ်အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ဆေးစစ်အဖွဲ့တွင်အဖွဲ့ဝင်အဖြစ် ဆရာဝန်သုံးဦးထိပါဝင်နိုင်သည့် အပြင်၊ ထိုအဖွဲ့ဝင်များအနက်အနည်းဆုံးတဦးသည်၊ တပ်မတော်မှ ဆေးဘက်အရာရှိဖြစ်ရမည်။ ထိုတပ် မတော်မှ ဆေးဘက်အရာရှိသည်၊ ဆေးစစ်အဖွဲ့၏ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်။

သို့ရာတွင် ဆေးစစ်အဖွဲ့တွင်၊ ထိုတပ်မတော်မှဆေးဘက်အရာရှိကလွဲ၍၊ အဖွဲ့ဝင်အဖြစ်ဖြင့်ဆောင်ရွက် ရန်၊ အခြားဆရာဝန်များမပါရှိလျှင်၊ ထိုတပ်မတော်မှဆေးဘက်အရာရှိတဦးတည်းက ဆေးစစ်ခြင်းနှင့် ကျန်းမာရေးအဆင့်အတန်း သတ်မှတ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၉။ ။ ဆေးစစ်အဖွဲ့သည်၊ ဆေးစစ်ခြင်းခံယူသူတဦးအား၊ မိမိသင့်သည် ထင်မြင်သောနည်းစံနစ်ဖြင့်၊ ဆေးစစ်နိုင်သည့်ပြင်၊ ဆေးစစ်အဖွဲ့ဝင်မဟုတ်သော ဆရာဝန်များက၊ သို့တည်းမဟုတ် အခြား ဆေးဘက် ဆိုင်ရာဌာနများက ဆေးစစ်ခြင်းကိုခံယူရန်လည်း ညွှန်ကြားနိုင်သည်။ ဆေးစစ်ခြင်းခံယူနေသူတဦး၌၊ စစ်မှုထမ်းရန်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရန် ကျန်းမာရေး အဆင့်အတန်းရှိ မရှိနှင့်စပ်လျဉ်း၍၊ ဆေးဘက်ပါရဂူများကပေးသည့်ထင်မြင်ယူဆချက်များကို၊ ဆေးစစ် အဖွဲ့က လက်ခံနိုင်သည်။

၁ဝ။ ဆေးစစ်အဖွဲ့သည်၊ ဆေးစစ်ခြင်းခံယူသူတဦးနှင့် စပ်လျဉ်း၍၊ စစ်မှုထမ်းရန်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရန် ကျန်းမာရေးအဆင့်အတန်းရှိ မရှိဆုံးဖြတ်ချက် ချမှတ် ခြင်းကို အခါအားလျော်စွာ၊ ရွှေ့ဆိုင်းနိုင်သည်။ ထိုသို့ရွှေ့ဆိုင်းသည့် နေ့ရက်တွင် ရောက်ရှိနေရန်၊ ထိုသူအား၊ ဆေးစစ်အဖွဲ့က ဆင့်ဆိုနိုင်သည်။

၁၁။ ။ ဆေးစစ်အဖွဲ့သည်၊ မိမိ၏ဆုံးဖြတ်ချက်ကို ရေးသားချမှတ်ပြီး၊ ဆေးစစ်အဖွဲ့၏ ဥက္ကဋ္ဌအား လက်မှတ် ရေးထိုးစေရမည်။

၁၂။ ။ ဆေးစစ်ခြင်းခံယူသူတဦးအား၊ ဆေးစစ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို၊ စာဖြင့်အကြောင်းကြားရမည်။

၁၃။ ။ ဆေးစစ်ခြင်းခံယူသူတဦးသည်၊ ဆေးစစ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို၊ မကျေနပ်လျှင်၊ မိမိအားထပ်မံ ၍ စစ်ဆေးရန် အထက်တန်းဆေးစစ်အဖွဲ့အား တောင်းဆိုနိုင်သည်။

Myanmar Law Information System (MLIS)

ဆင့်ခေါ်ရေးအဖွဲ့သည်၊ ဆေးစစ်ခြင်းခံယူသူတစ်ဦးနှင့်စပ်လျဉ်း၍၊ ဆေးစစ်အဖွဲ့ကချမှတ်လိုက်သော ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်၊ ထိုသူအားထပ်မံစစ်ဆေးရန်အထက်တန်းဆေးစစ်အဖွဲ့အား တောင်းဆို နိုင်သည်။

## အထက်တန်းဆေးစစ်အဖွဲ့များ

၁၄။ ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရသည်၊ မိမိသင့်သည်ထင်မြင်သည့် ဒေသများ အတွက်၊ အထက်တန်းဆေးစစ်အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ အထက်တန်းဆေးစစ်အဖွဲ့တွင် ဆရာဝန် အနည်းဆုံး သုံးဦးပါဝင်ရမည်။ ၎င်းတို့အနက်တဦးသည်၊ တပ်မတော်မှဆေးဘက် အရာရှိဖြစ်ရမည်။ သို့ရာတွင် ထိုတပ်မတော်မှ ဆေးဘက်အရာရှိသည်၊ အထက်တန်းဆေးစစ်အဖွဲ့၏ ဥက္ကဋ္ဌ အဖြစ်မဆောင် ရွက်ရ။

အထက်တန်း ဆေးစစ်အဖွဲ့များသည်၊ ကာကွယ်ရေးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးက၊ အခါ အားလျော်စွာ ချမှတ်သည့် စည်းကမ်းနည်းလမ်းများအတိုင်းလိုက်နာဆောင်ရွက်ရမည်။

## စစ်မှုထမ်းရမည့်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရမည့် ကာလအပိုင်းအခြား

၁၅။ ။ အက်ဥပဒေ ပုဒ်မ ၄ အရဖြစ်စေ၊ ပုဒ်မ ၄-က အရဖြစ်စေ၊ ဆရာဝန်တဦးစစ်မှုထမ်းရမည့်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရမည့် ကာလအပိုင်းအခြားသည်၊ နှစ်နှစ်ဖြစ်သည်။ သို့သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ လိုအပ်သည်ဟု ယူဆလျှင်၊ ထိုသို့စစ်မှုထမ်းရမည့်၊ သို့တည်းမဟုတ် အမှုထမ်းရွက်ရမည့် ကာလအပိုင်းအခြားကို၊ နောက်ထပ်တနှစ်တိုးနိုင်သည်။

## စစ်မှုထမ်းရန်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရန်ဆင့်ခေါ်ခြင်း

၁၆။ ။ ဆေးစစ်အဖွဲ့က၊ ဆေးစစ်ပြီး၊ လိုအပ်သည့် ကျန်းမာရေးအဆင့်အတန်းရှိသည်ဟု ဆုံးဖြတ်ခြင်း ခံရသော ဆရာဝန်တဦးအား၊ ဆင့်ခေါ်ရေးအဖွဲ့သည်၊ အမိန့်စာဖြင့်၊ ထိုအမိန့်စာတွင် ဖော်ပြသည့် အချိန် နှင့် နေရာတွင်၊ စစ်မှုထမ်းရန်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရန် အတွက် လာရောက် အကြောင်းကြားရန် ဆင့်ခေါ်နိုင်သည်။ ထိုသို့လာရောက် အကြောင်းကြားသည့် အခါ၊ စစ်မှုထမ်းရမည့် ဆရာဝန်ဖြစ်ပါက၊ ကာကွယ်ရေးဌာန၊ စစ်ရာထူးခန့်အတွင်းဝန်ထံသို့ဖြစ်စေ၊ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရမည့် ဆရာဝန်ဖြစ်ပါက၊ ကျန်းမာရေးဌာန၊ အတွင်း ဝန် ထံသို့ဖြစ်စေ၊ ကိုယ်တိုင်သွားရောက်အကြောင်းကြားရန် အမိန့်စာဖြင့် ညွှန်ကြားရမည်။

## စစ်မှုထမ်းသက်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းသက်ရေတွက်ခြင်း

၁၇။ ။ နည်းဥပဒေ ၁၆ အရ ဆင့်ခေါ်ခြင်းခံရသည့် ဆရာဝန်တဦးသည်၊ မိမိအားဆင့်ခေါ်သည့် အမိန့်စာ တွင် ဖော်ပြထားသည့် စစ်မှုထမ်းရန်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်း ရွက်ရန်၊ ဆင့်ခေါ်ရေးအဖွဲ့သို့ ကိုယ်တိုင်လာရောက် အကြောင်းကြားရမည့် နေ့ရက်မှအစပြု၍၊ စစ်မှုထမ်း အဖြစ်၊ သို့တည်းမဟုတ် စစ်မှုထမ်းရသူအဖြစ်စာရင်းသွင်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။ သို့ရာတွင် နည်းဥပဒေ ၁၅ တွင် ဖော်ပြထားသော၊ ကာလအပိုင်းအခြားကို ရေတွက်ရာတွင်မူ၊ ကာကွယ်ရေးဌာန၊ စစ်ရာထူးခန့်အတွင်းဝန်ရုံး၊ သို့တည်းမဟုတ် ကျန်းမာရေးဌာန၊ အတွင်းဝန်ရုံး၊ သက်ဆိုင်ရာရာသို့၊ ထိုဆရာဝန်လာရောက်အကြောင်းကြားသည့် နေ့ရက်မှအစပြု၍ရေတွက်ရမည်။

Myanmar Law Information System (MLIS)

၁၈။ ။ ဆရာဝန်တဦး စစ်မှုထမ်းရွက်နေရသည့်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်နေရသည့် ကာလအတွင်း၊ ပြစ်မှုတခုခုအတွက် စစ်ဘက်ဆိုင်ရာ တရားရုံး၊ သို့တည်း မဟုတ် မြို့ပြဆိုင်ရာတရားရုံးတခုခု၏ စီရင်ချက်အရ ထောင်ဒဏ်ကျခံရသည့် ကာလအပိုင်းအခြားကို သော်၎င်း၊ ခွင့်မဲ့ပျက်ကွက်မှုကြောင့် တရားဥပဒေအရ ပြစ်ဒဏ်စီရင်ခြင်းခံရလျှင်၊ ထိုသို့ပျက်ကွက်သည့် ကာလအပိုင်းအခြားကိုသော်၎င်း၊ ကာကွယ်ရေးဦးစီးချုပ်က အခြားနည်းညွှန်ကြားခြင်းမပြုလျှင်၊ ထိုဆရာဝန်စစ်မှုထမ်းရသည့်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်သည့် ကာလအဖြစ် ထည့်သွင်းရေတွက်ခြင်းမပြုရ။

## လစာနှင့်စရိတ်များ

၁၉။ ။ဆရာဝန်တဦးသည်၊ စစ်မှုထမ်းနေစဉ်အတွင်း၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက် တွင် အမှုထမ်းရွက်နေစဉ်အတွင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက၊ အခါအားလျော်စွာ၊ သတ်မှတ်ထားသည့်လစာနှင့်စရိတ်များရရှိမည်။

## စစ်ဘက်ဥပဒေကိုလိုက်နာရခြင်း

၂၀။ ။ အက်ဥပဒေအရ၊ မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်နေသော ဆရာဝန်တဦးမှာ၊ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေကို လိုက်နာရသူဖြစ်ဘိသကဲ့သို့၊ တာဝန်ရှိစေရမည်။

## ထွက်ခွင့်ပြုခြင်း

၂၁။ ။ ဆရာဝန်တဦးအား၊ နည်းဥပဒေ ၁၅ တွင် ဖေါ်ပြထားသောကာလ အပိုင်းအခြား ကုန်ဆုံးသော အခါ၊ ထွက်ခွင့်ပြုရမည်။ ထို့သို့ ထွက်ခွင့်ပြုသည့်အခါ၊ ထိုဆရာဝန်သည်၊ အရံတပ်တခုတွင် စာရင်း သွင်းထားပြီးဖြစ်သည်ဟု မှတ်ယူရမည်။

## စစ်မှုထမ်းရမည့်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရမည့် တာဝန်လွတ်ငြိမ်းခြင်းနှင့် ရွှေ့ဆိုင်းခြင်း

၂၂။ ။ စစ်မှုထမ်းရန်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာအုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရန်ဆင့်ခေါ်ခြင်း ခံရသည့်ဆရာဝန်တဦးသည်၊ ယင်းသို့ဆင့်ခေါ်ခြင်းခံရသဖြင့်၊ အတိဒုက္ခရောက်မည်ဖြစ်လျှင်၊ စစ်မှုထမ်း ရမည့်၊ သို့တည်းမဟုတ် မြို့ပြဆိုင်ရာ အုပ်ချုပ်ရေးဘက်တွင် အမှုထမ်းရွက်ရမည့်တာဝန်မှ လွတ်ငြိမ်းခွင့် ပြုရန်ဖြစ်စေ၊ ယင်းသို့စစ်မှုထမ်းခြင်း၊ သို့တည်းမဟုတ် အမှုထမ်းရွက်ခြင်းကို ရွှေ့ဆိုင်းပေးရန်ဖြစ်စေ၊ စစ်မှုထမ်းရမည့်၊ သို့တည်းမဟုတ် အမှုထမ်းရွက်ရမည့် ကာလအပိုင်းအခြားကို လျော့ပေးရန်ဖြစ်စေ၊ ဆင့်ခေါ်ရေးအဖွဲ့သို့၊ လျှောက်ထားနိုင်သည်။

၂၃။ ။ ဆင့်ခေါ်ရေးအဖွဲ့သည်၊ လျှောက်လွှာပါအချက်အလက်များကို မှန် မမှန် စုံစမ်းစစ်ဆေးပြီးနောက်၊ မိမိ၏ထင်မြင်ချက်နှင့်အတူ၊ လျှောက်လွှာကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ သို့တည်း မဟုတ် ၎င်းကသီးခြားဖေါ်ပြသည့် အာဏာပိုင်ထံသို့ တင်ပြရမည်။

အမိန့်အရ၊<br>ကာကွယ်ရေးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး